
ဝန်ဂင်း
Read on the move
သျှင်မ
ဂန္ဓဝင် ချစ်ထုံး

## အခန်း (၁)

"ကားပြီးသွားပြီလား . . ."

"ပြီးပြီ အာစရိ . . . ကြည့်ပါဦး . . . တကယ့်ကို အသစ်အတိုင်းပဲ . . အခုခေတ် မော်ဒယ်မြင့် ဆိုတဲ့ ဂျပန်ယူစ်တွေထက် သာတယ် . . ."

သူ့မျက်လုံးထဲမှာ တော့ မှန်ရှိခဲ့မှန်း မရှိခဲ့မှန်း မသိလောက်အောင် မွမွကြေကျကုန်သည့် မှန်ခွက်တွေက ဟောင်းလောင်း . . .။

မျက်လုံးနှစ်လုံးစလုံး ဟောက်ပက်နှင့် ပိန်ရှုံ့ချိုင့်ခွက်နေသည့် ဦးခေါင်းပိုင်းရယ် . . .၊ ပြီးတော့ ဘေးတိုက် အတိုက်ခံထားရသည့် ပိန်ရှုံ့ချိုင့်ခွက်ရာကြီးနှင့် သူ့ကား လင့်န်ခရူဇာ . . .။

"အာစရိ . . ."

တီလုံးက မျက်မှောင်ကုတ်ရင်း စူးစိုက် ငေးနေသည့် သူ့မျက်နှာရှေ့ထိ မော့ကြည့်ပြီး ခေါ်သည် ။ ထိုအခါကျမှ သူ့မျက်လုံးတွေ လှုပ်ရှားလာကာ . . .

"မောင်းကြည့်တော့ ဘယ်လိုနေသလဲ . . ."

"ဟာ . . . အင်ဂျင်ကလည်း ရှယ်ပဲ . . . ဘုရားအလောင်းမင်းသားတောထွက်ခါနီးတော့ ကဏ္ဍကမြင်း ခုန်ပေါက်မြူးထူးတာမျိုး . . . အာစရိ ပထမဆုံး အပြင်ထွက်မယ့်နေ့ . . . သူ့ကိုလည်း ပြင်ဆင်ခြယ်မှုန်းပြီး အာစရိကိုယ်တိုင် ပြန်မောင်းမှာ ဆိုတော့ အင်ဂျင်က လက်မတင်ခင်က

နိုးပြီး သားပဲ . . .”

တီလုံးက ဝမ်းသာအားရကြီး ပြောပြနေတာ ရွှန်းရွှန်းဝေနေပေမယ့် ပြည့်သျှင်မျက်နှာ ပြုံးယောင်သမ်းတာလေးတောင် ဖြစ်မလာခဲ့ပေ . . .။

“အော်တိုဆားဗစ်ကလူတွေက အံ့သြနေကြတာ . . . ကားက ဒီလောက်ထိထားတာကြီးကို . . . မော်ဒယ်ကလည်း အများကြီးနိမ့်ကျန်ခဲ့ပြီလေ . . . ဒါကို ကားတစ်စီးဖိုးလောက် ထပ်ပုံပြီး အကောင်းတိုင်းဖြစ်အောင် ပြန်ပြင်တာကို . . . ”

“စကားမများ နဲ့ . . .”

“ဟုတ် . . .”

ပြည့်သျှင်က ကားနားကိုလျှောက်သွား၍ သေချာလှည့်ပတ်ကြည့်သည် ။ ဒီကားမှာ သူ့အတွက် မေ့ဖျောက်ဖို့ မလွယ်သော အမုန်းသမိုင်းတွေ ရှိသည် ။

မုန်းသူရဲ့ ခြေရာလက်ရာတွေ ကျန်ခဲ့၏။ ဘော်ဒီထု ဆေးမှုတ်လိုက်ရုံနဲ့ ကားရဲ့ ပုံသဏ္ဍာန် အကောင်းတိုင်း ပြန်ပေါ်လာသော်ငြား အတွင်းကြေဒဏ်ရာများ နဲ့ ဒီကားမှာ . . .။

“အာစရိ . . . လန့်ချ် ဘယ်မှာ စားမှာ လဲ . . . ကျွန်တော် ကြိုပြီး . . . ”

“မလိုဘူး . . .”

တီလုံး စကားမဆုံးခင် သူကားထဲဝင်ထိုင်ပြီးဖြစ်ကာ တံခါးဆွဲပိတ်လိုက်ပေမယ့် တံခါးသံ မဟုတ်ဘဲ နားထဲမှာ ‘ချွမ်း’ ခနဲ ဆူညံသွား၏။

ရှေ့မှန်ချပ်ကြီးသည် မာကျောသောအရာတစ်ခုနှင့် ပစ်ပေါက်ခြင်းခံရကာ မိုးစက်တွေကဲ့သို့ တဖွားဖွား ကြွေကျသွားကြ၏။

စတီယာရင်ကို တင်းခနဲဖိဆုပ်ရင်း မျက်လုံးတွေကိုပါ မှိတ်ပစ်လိုက်မိသည် ။ သို့သော် . . .

“ဘုတ် . . . ဘုတ် . . . ”

ဘေးမှန်တံခါးကို ပုတ်ခေါ်နေသည့်အသံကြောင့် မျက်လုံးတွေ ပြန်ဖွင့်လိုက်တော့ ဒါက တကယ်မဟုတ် . . .

မှန်ပြင်သည် ဒီတိုင်းပဲရှိကာ အခြေအနေအားလုံးဟာ လွန်ခဲ့သော နှစ်နှစ်ဆယ်ကနှင့် များ စွာ ကွာလှမ်းခဲ့ပြီဖြစ်သော . . .

“အာစရိ ဘာဖြစ်လို့ လဲ . . .”

အသံမကြားရပေမယ့် တီလုံး မေးလိုက်တာကို သူသိသည် ။ တဖျင်းဖျင်း ရှုတကျုန်ရစ်သော ကိုယ့်ရင်ဘတ်ကို ဥပေက္ခာပြု၍ သူခေါင်းခါပြလိုက်သည် ။

ကားပေါ်ကို ထိုင်လိုက်မိတာနှင့် သွေးတို့ ကို ဆူပွက်လာစေခဲ့သည့် အတိတ်သည် နှစ်များ စွာ ကြာခဲ့ပြီပေမယ့် မနေ့တစ်နေ့က အတိုင်းပါလား . . .။

ပြီးတော့ သူ ဂျပန်မှာ သွားနေခဲ့တာ ရှစ်နှစ် . . .။ မြန်မာပြည်ပြန်ရောက်နေတာလည်း နှစ်နှစ် ပြည့်သွားခဲ့ပြီ . . . ဒါပေမဲ့ အပြင်ကို ခြေတစ်လှမ်းမှ သူမကျူးခဲ့ပေ . . .။

စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ပတ်နေပေမယ့် တီလုံးကိုပဲ အားလုံး လွှဲထားခဲ့သည် ။

တီလုံးကနေမှ တခြားကိုယ့်လူယုံတွေကို ဆင့်ပွား ညွှန်ကြားခြင်းဖြင့် လည်ပတ်နေကြတာ ဖြစ်သည် ။

ဒီနေ့ သူ အပြင်ထွက်လာခဲ့တာ ပထမဆုံး . . .။

ဘာမှ သိသာစွာ မပြောင်းလဲသေးသည့် ပတ်ဝန်းကျင်က သူ့ရင်ကို အသစ်မဖြစ်စေခဲ့တာလား . . . ။ သူ့ရင်ထဲမှာ စွဲနစ်ကျန်ရစ်သည့် ဒဏ်ရာက ပြင်းထန်ခဲ့လို့ လား . . .။ လွမ်းဆွေး နာကျင်မှုတွေက ဘာတစ်ခုမှ မပြောင်းလဲသေးတာ နှလုံးသားက သက်သေပြနေ၏။

"ဟင် . . ."

သူ့ရှေ့မြင်ကွင်းထဲမှာ ဗရုတ်သုတ်ခ ပြေးလာနေကြသည့် လူငယ်တစ်စုက လမ်းတစ်ခုလုံး ပြည့်အောင် ဖရိုဖရဲနိုင်၏။

ဦးတည်ရာမဲ့ ခပ်ဖြည်းဖြည်း မောင်းလာခဲ့သည့်ကားကို အရှိန်ထပ်ချ၍ ဘီးလိမ့်ရုံသာသာနှင့် ရှေ့တိုးခဲ့ရင်း လုံးဝ ရပ်ထားလိုက်ရခြင်းသို့ ရောက်ကာ . . .

"ကျွတ် . . ."

ဆော့နေကြမှန်းမသိ . . . တကယ်ရန်ဖြစ်နေကြသလား မသိပေမယ့် ပြေးလွှားနေကြရင်း ပြန်လှည့်၍ သတ်ပုတ်တိုက်ခိုက်နေကြသဖြင့် စိတ်ပျက်သွားမိသည် ။ သို့သော် . . .

ကြည့်နေမိရင်း တကယ် ရန်ဖြစ်နေကြတာမှန်း သူသိလိုက်သည် ။ နေမွန်းမတည့်သေးခင် ရန်ပွဲဆင်နွှဲနေကြသည့် လူငယ်တွေက လက်နက်တွေပါ ထုတ်နေကြပြီဖြစ်လျှင် . . .

"ဘာကောင်လေးတွေမှန်းမသိဘူး . . ."

သူ ဒီမြင်ကွင်းမျိုးကို ကြည့်မနေချင် . . .။ ဒီပွဲမှာ တရားခြင်း . . . မတရားခြင်း . . . ။ ဘယ်သူ အားနည်းတာ . . . အားသာတာ ဘာကိုမှ လည်း စိတ်မဝင်စားဘဲ နောက်ထပ် လမ်းကြောင်း ပြောင်းဖို့ ကားကို ဘက်

ခ်ဂီယာ ချိန်းလိုက်ပြီး . . .

"ဟာ . . ."

မျက်လုံးထဲမှာ ဒီဘက်ကို စဉ်ထွက်လာသည့်အရာကို မြင်လိုက်၏။ ဆင္ဌမအာရုံ၏ နှိုးဆော် ချက်ကြောင့် အန္တရာယ်ဆိုတာကို သိလိုက်ပေမယ့် 'ဒုတ် . . .' ခနဲ ပထမတစ်ခါ ဘာနဲ့ ထိသွားမှန်း မသိဘဲ နောက်ထပ်လက်ခနဲသည့် ကိုယ့်ဆီ တည့်တည့်ကြီး ဝင်လာသဖြင့် ဖျတ်ခနဲ ခေါင်းငုံ့ရှောင်လိုက်မိလျှင် . . .

"ချွမ်း . . ."

"ဒုတ် . . ."

ပြင်းထန်စွာ ထိခတ် ကွဲကြေသံကြီးဖြစ်ပေါ်သွားခဲ့ပြီး အသံအားလုံး ရုတ်တရက် တိတ်ကျ သွား၏။ သူကိုယ်တိုင် ဘာတွေ ဘယ်လိုဖြစ်ပျက်သွားခဲ့မှန်း မဝေခွဲနိုင်တော့အောင် မှ င်တက်မိနေခဲ့ ၏။ နှစ်ချက်ဆက်တိုက် ထိသည့် မှန်က မွမွကြေလျက် . . .။

တိမ်းငုံ့ထားမိဆဲ သူ့မေးရိုးအောက် လည်ပင်းနားလေးမှာ စိုက်ဝင်နေသည့်ဓားက ကူရှင်မှာ တစ်ဝက်နီးပါး စိုက်ဝင်နေ၏။ ဒါဟာ လုပ်ကြံမှုဆိုရင်တောင်မှ ကိုယ်နဲ့ ဘာမှ မဆိုင် . . .။

"ဆောရီးပဲ ဟေ့လူကြီး . . ."

ဓားကို မယုံနိုင်စွာ ငုံ့ကြည့်နေမိဆဲ တံခါးရဲ့ ဘေးမှာ လူရိပ်ရောက်လာ၏။

အသံကို အထဲက ကြားလောက်အောင် အော်ပြော၍ တံခါးကို လက်သီးဆုပ်နဲ့ ထု၏။

အခန့်မသင့်လျှင် ကွဲကျသွားနိုင်သည့် အရှိန်မျိုးနဲ့ ထုနေတာ ဖြစ်၏။ တော်ရုံနှင့် စိတ်လှုပ်ရှား မလွယ်တတ်သော ပြည့်သျှင်မျက်နှာမှာ အံ့သြမှ င်တက်ခြင်းတို့ ခဏနဲ့ ပျောက်ကွယ်သွားခဲ့ပြီး . . .

"မင်း ဘာလုပ်ပေးနိုင်သလဲ . . ."

တံခါးကို လျှောခနဲချပစ်လိုက်ပြီး တည်ငြိမ်သည့်မျက်နှာနှင့် မေးသည် ။

လူငယ်က အသားဖြူဖြူ မျက်နှာပုံချောချောနှင့် အရပ်အမောင်း ကိုယ်နေဟန်ထားအရ ခပ်ဖြောင့်ဖြောင့် . . .။

သို့သော် ရိုင်းစိုင်းတတ်ပုံရသည့် မျက်လုံးတွေက စူးရဲနေကာ အညိုရောင်ရင့်နေသည့် နှုတ်ခမ်းသားတို့ က သေသပ်ကျနစွာ ရှိနေပေမယ့် တည်ကြည်ပုံတော့မရှိ . . .။

"ပြောလေ . . . ခင်ဗျား ဘာဖြစ်ချင်သလဲ . . ."

"မှန်ကွဲသွားပြီ . . ."

"မြင်သားပဲ . . ."

"ဒီဓား ငါ့လည်ပင်းကိုစိုက်သွားရင် . . ."

"အခု မစိုက်သေးပါဘူး . . . အဲဒါ မတော်တဆ လွဲချော်သွားတာ မဟုတ်ဘူး နော် . . . ကျွန်တော့်ဓား ဟိုမှာ လမ်းကြောင်းလွဲသွားတည်းက မလိုသူမထိအောင် လိုသလိုလွှဲပြီး လွှတ်ပေး လိုက်တာ . . ."

ပြည့်သျှင် မျက်မှောင်ကုတ်သွားသည် ။ ကြည့်လိုက်တော့ လူငယ်တွေ တစ်အုပ်ကြီးထဲကနေ ရပ်ကျန်ခဲ့တာ နှစ်ယောက်တည်းဖြစ်ကာ သုံးယောက်နဲ့ တစ်ဖွဲ့ ရန်ဖြစ်နေကြတာမှန်း သိသာသွား၏။ ဒါပေမဲ့ . . .

"မင်းတို့ ကစားနေကြတာလား . . ."

"ဘယ်ဟုတ်မလဲ . . . သေနိုင်တဲ့ ပစ္စည်းတွေနဲ့ လမ်းပေါ်ထွက်ကစားပါ့မလား . . . "

"ဒါ ဘယ်သူ့ဓားလဲ . . ."

"ခင်ဗျားရှေ့မှာ ရောက်နေတာ ဓားပိုင်ရှင် . . ."

ပြည့်သျှင်က နှုတ်ခမ်းဖြင့် မဲ့တာပြုံးတာ မဖြစ်ဘဲ မျက်ဝန်းတို့ မှာ အေးစက်စက် လှောင်ရိပ် တစ်ချက်ဖြစ်သွားပြီး . . .

"သွားလေရော ဓားဆောင်သွားရတယ်ဆိုတော့ တော်တော်ရန်သူများတဲ့ ပုံပဲ . . ."

"ရန်ဆိုတာ ကိုယ်က မဖြစ်ချင်ဘဲလည်း ရန်သူလို့ သတ်မှတ်ထားတဲ့ လူရှိရင် ချောင်းမြောင်း လုပ်ကြံခံရတာပဲ . . .။ ဓားဆောင်ထားရုံတင်မကဘူး ချုံကွယ်က ရန်သူကိုပါ ဒုက္ခပေးနိုင်အောင် လက်နက်ပုန်းပစ်တဲ့ ပညာတွေပါ တစ်ဖက်ကမ်းခတ် တတ်သေးတယ် . . . ဟွန်း . . . အခု ခင်ဗျား အသက်ကို ချမ်းသာပေးလိုက်တာဆိုတော့ . . . ဒါကို ခင်ဗျား ယုံမှာပါ . . . "

ပြည့်သျှင်၏ မျက်ခုံးထူထူတွေ တွန့်ခနဲ ကုတ်ကျသွား၏။ လက်နက်ပုန်းပစ်တတ်ခြင်းဆိုတာ ကို ကြားလိုက်တာနှင့် တစ်စုံတစ်ယောက်ကို ဖျတ်ခနဲ မြင်ယောင်သွားသည် ။

ပြီးတော့ ဒီကားကိုပဲ ဤသို့သော ပစ်ခတ်ခြင်းမျိုးဖြင့် ကွဲကြေစေခဲ့ခြင်း . . .။

"ခင်ဗျား မေးစရာမရှိတော့ဘူးဆိုရင် ဒီပြဿနာအတွက် ကျွန်တော်တို့ ပြောဖို့ ရှိတာတွေ ပြော . . ."

“မလိုတော့ဘူး . . . မင်းပုံစံကြည့်ရတာ မင်းဘာတွေလျှောက်ဖွဖွ နောက်က လိုက်ရှင်းမယ့် သူရှိတဲ့ ပုံပဲ . . .”

“ခင်ဗျား မဆိုးဘူး . . .”

“ငါကတော့ ငါ့ကိုယ်ငါ တာဝန်ယူရတဲ့ သူ . . .”

“သြော် . . .”

“ဆိုတော့ . . . ခုဖြစ်ခဲ့တာကို ထားလိုက်ပါ . . .။ ရယူတယ်ဆိုတာ ပေးချင်တာကို ယူရတာ ထက် မပေးချင်တာကို ယူနိုင်တာကမှ ရယူနိုင်ခြင်းမည်တာ . . .။ မှန်ကွဲသွားပေမယ့် ငါဂရုမစိုက်ဘူး . . . မင်းရဲ့ ဓားကြောင့်လည်း ငါမသေခဲ့ဘူးဆိုတော့ . . .”

“အိုကေ. . . ဒါဆိုရင် ဓားပြန်ပေးခဲ့ . . .”

“ဟွန်း . . .”

ပြည့်သျှင်က ခပ်မဲ့မဲ့ စိုက်ကြည့်ပြီး စက်နှိုးလိုက်၏။ လူငယ်က မျက်နှာတစ်ချက်ပျက်သွား ပေမယ့် ကားကနေ နောက်ဆုတ်ရပ်လိုက်ပြီး ဘောင်းဘီအိတ်တွေထဲ လက်ထည့်သည်။

အေးဆေးပုံစံဖြစ်သွားပြီး ရပ်ကြည့်နေတာကို သျှင်က အပြုံးလက်စနှင့် ပြန်ငဲ့ကြည့်ကာ . . .

“ကံကြုံရင် ပြန်ဆုံကြတာပေါ့ . . .”

“ကြုံမှာ ပါ . . . ဒါပေမဲ့ နောက်ထပ်ဆုံဖြစ်ကြရင်တော့ ခင်ဗျားရမယ့် လက်ဆောင်က ဒီလို လှချင်မှ လှမှာ . . .”

မှန်တင်လိုက်ပေမယ့် လူငယ်၏ စကားသံကို အပြီးသတ်အထိ ကြားလိုက်ရသေးသည်။

ကားသည် နောက်ထပ် လမ်းချိုးတစ်ခုထဲကို ကွေ့ဝင်လိုက်ပြီးမှ ဘေးမှာ ချရပ်လိုက်ကာ . . .

"ဘာဖြစ်တာလဲ . . ."

"ဘာဖြစ်တာလဲ ပြည့်သျှင် . . ."

ဒီနေ့ အပြင်ကို ပထမဆုံးထွက်လာခဲ့တာ . . . ဒီကားနဲ့ မှ ဒီလိုအဖြစ်မျိုးနဲ့ နောက်ထပ် . . .။

ကြေမွနေသည့် မှန်ကွဲစတွေကို မျက်လုံးကရောက်ရင်း လီဗာမှာ တင်ထားသည့် ခြေထောက် ကို အမှတ်တမဲ့ ပြန်ရုပ်လိုက်လျှင် ခြေဖနောင့်မှာ စစ်ခနဲ နာကျင်သွား၏။

ပုဆိုးကို 'မ' ၍ ငုံ့ကြည့်လိုက်တော့ မှန်ကွဲစလေး နစ်ဝင်နေကာ ထိုနေရာမှာ သွေးစတွေနှင့် . . .။

နှစ်နှစ်ဆယ်ကျော်ကာလ၏ ပထမဆုံး ပွေ့ဖက်နှုတ်ဆက်ခြင်းကယည်သည် . . .။ မှန်စလေး ကို နုတ်ယူကာ သူ့စိတ်တွေ ဘယ်အရာအတွက် ပျံ့လွင့် ဆွေးငေးသွားမှန်းမသိလိုက်ဘဲ ဒီတိုင်း အကြာကြီး ငိုင်နေခဲ့မိ၏။

ဒီကားကို နှစ်ပေါင်းများ စွာ ပစ်ထားခဲ့ပြီးမှ အကောင်းတိုင်းဖြစ်အောင် သေချာပြုပြင်မွမ်းမံ၍ မောင်းထွက်ခဲ့တာ ကိုယ့်စိတ်ကူးနဲ့ ကိုယ် . . .။

တစ်လနီးပါး အချိန်ယူပြင်ဆင်ခဲ့ရသည့်ကားဟာ နှစ်မိုင်လောက် ခရီးအရောက်မှာ ပဲ ပျက်စီး ခြင်းသို့ ရောက်လေသည် ။

စိတ်တို့ သည် မနားမနေ ခရီးပြင်းနှင်လာခဲ့ရပြီး ဘယ်လောက်သွားသွား မဆုံးနိုင်သေးသည့် နွေကန္တာကို ဖြတ်သန်းနေရဆဲ ဝန်တင်မြင်းတ

စ်ကောင်ကဲ့သို့ . . .။

*

## အခန်း (၂)

ကလပ်တစ်ခုလုံးမှာ သူတို့ အုပ်စုတွေချည်း ကဲနေကြတာ အလဲလဲ အကွဲကွဲတွေပါ ဖြစ်၏။

ငြိမ့်ညောင်းသည့် မြူးဇစ်တွေကိုလည်း စိတ်မဝင်စား . . .။ ရင်ခုန်သံတွေနဲ့ ချိတ်ဆက် ထိကပ်၍ ကနေကြသူတွေကိုလည်း ဂရုမစိုက် . . .။

ဟားတိုက်ရယ်လိုက် . . . ယိုင်ခနဲ စိုက်ကျသွားလိုက် . . . ပြန်ထ 'က' လိုက် . . . 'က' တော့ ကနေတာပေမယ့် ရင်ခုန်သံတွေမပါကြဘဲ . . .

"ဟိုဘက် သွားကွာ . . ."

"ဟော့ကောင် . . . ကိုယ့်ဘာသာ တာဝန်ယူ . . . ငါ့မှာ ရှိပြီးသား . . ."

"ရှိတော့ ဘယ်တစ်ယောက် ညာတစ်ယောက် တွဲလိုက် . . ."

"ယူနော် . . . တို့ ကို ဟိုဘက်ပို့ . . . ဒီဘက်ပို့နဲ့ . . ."

"ဒါဆိုလည်း လာကွာ . . ."

ကိုယ့်လူနဲ့ ကိုယ့်အတွဲနဲ့ ကိုယ် ရှုပ်နေကြဆဲ ရီဝေဝေမျက်လုံးတွေက အဖြူအမည်း ဘာကိုမှ ခွဲခြားမနေခဲ့ဘဲ သူမကို ပြန်ဆွဲခေါ်လိုက်လျှင် . . .

"အို . . . ကဲ . . ."

"ဖြန်း . . ."

"ဟ . . . "

လက်ကိုပြန်ဆွဲ၍ ဆွဲဖက်ထားလိုက်မိတာ နွေးခနဲပါလာပေမယ့် သူ့ခါးကိုပြန်လည် ပွေ့ဖက်၍ ကမယ့်သူ မဟုတ်ခဲ့ရာ . . .။

ပါးတစ်ဖက်မှာ ပူလောင်ကျိန်းစပ်သွား၏။ ရီဝေဝေ ချာချာလည်နေတာက ပို၍ မူးမိုက်သွား သလိုရှိသော်လည်း ချက်ချင်း ပုတ်နှိုးလိုက်သလို ခေါင်းထောင်သွားခဲ့သည် ။

“မင်း . . .”

“ဟုတ်တယ် . . . နင့်ကို ရိုက်တာ ငါ . . .”

“မင်းက . . .”

သူမကို မျက်နှာစိမ်းမှန်းသိလိုက်သည် ။ ဒါပေမဲ့ အရှုတ်ဆန်ချင်သည့်စိတ်က ထောင်းခနဲ ဖြစ်လျက် ပခုံးလေးတစ်ဖက်ကို ပြန်ဆောင့်ဆွဲလိုက်လျှင် . . .

“ကဲ . . . ဟယ် . . .”

“ဖြန်း . . .”

နောက်တစ်ချက်လည်း တည့်တည့်ထိ၏။

“တောက် . . . ကွာ . . . ကဲ . . .”

“ဟာ . . . ဟော့ . . . ဟော့ . . . တော် . . .”

သူ့လက်ကျတော့ လိုရာမရောက်ခင် ဝိုင်းဝန်းစုပြုံ၍ တားဆီးခြင်း ခံလိုက်ရ၏။ အပြာရောင် သိသာသော ညိုလွဲ့သည့် မျက်ဝန်းတစ်စုံနှင့် ဖိကိုက်ထားဆဲ ပန်းရင့်ရောင် နှုတ်ခမ်းတစ်စုံ . . .။

“ဟော့ . . . မင်းကဘာလဲ . . . သွားတော့လေ . . .”

သူမကို တစ်ယောက်က ဆွဲခေါ်လိုက်တာလား . . . တွန်းလိုက်တာ

လားမသိ . . . ဝိုင်းအုံနေ သည့် လူတွေရဲ့ နောက်ကနေ မျက်နှာလေး ဖျ တ်ခနဲ ပျောက်ကွယ်သွား၏။

"ဖယ်စမ်းပါ . . . ဘာလဲ . . အဲ့တစ်ယောက် . . .။ ဘယ်မှာ လဲ . . . ငါ နှစ်ချက်တောင် ခံလိုက် ရတာ . . ."

"မင်း ထပ်ဆွဲတာကိုး . . ."

"ထပ်ရိုက်ရဲမယ် မထင်လို့ ပေါ့ကွ . . . ဘာလဲ . . . ဂျက်မလား . . .။ ဘာတွေ လာထွင်တာလဲ . . . တောက် . . ."

သူ့ပါးနှစ်ဖက်ကို ဘယ်ညာပွတ်စမ်းရင်း သွားတွေကို လျှာနဲ့ ထိုး၍ စ မ်းကြည့်သည် ။ အောက်မေးဖျားကို ဘယ်ညာရွှေ့စောင်းပြီး လှုပ်ကြည့်လို က်၏။

သွားတွေကျွတ် . . . မေးရိုးပါ ပြုတ်ထွက်သွားပြီလား ထင်ရအောင် ရိုက်ချက်က ပြင်းသည် ။

"တောက် . . ."

သူ တက်ခေါက်မိပြန်ကာ ကာဆီးထားသည့်လူတွေကို လက်နဲ့ ယမ်း ဖယ်ထုတ်ပစ်၍ . . .

"ငါဆိုတဲ့ ကောင်က ကိုယ့်အသားထိရင် အဲဒီသတ္တဝါ ဘာကောင်ဖြစ်ဖြစ် လက်ရှောင်ခဲ့တာ မဟုတ်ဘူး . . ."

မူးယစ် ရီဝေတာတွေ ပြယ်လွင့်သွားခဲ့ပေမယ့် သွေးဆူနေတာက အ ရက်ရှိန်ကြောင့် ပိုဆိုးတာလားမသိ . . .။

သည်းမခံတတ်သည့်စိတ်ကို ရိုက်ပုတ်နှိုးနေသလိုပင် . . .။ ခဏတစ်ဖြုတ် လန့်ဖျပ်ရပ်တန့် သွားသည့်ပွဲက ရယ်သံတချို့နှင့် ပြန်လ

ည်အသက်ဝင်လာသည် ။

သူ့ကောင်တွေကလည်း ခေါင်းကုတ် . . . ရယ်မောခြင်း ပုံစံအမျိုးမျိုးနှင့် . . .။

“မင်းကွာ . . . လူမှားပြီးတော့ပဲ ဖက်ရတယ်လို့ . . .”

“ခစ် . . . ခစ် . . . ကောင်းတယ် သော . . . ယူ့လိုလူ ဒီလိုနည်းနဲ့ လည်း ခံရဦးမှ . . .”

“ဘာ . . .”

ခုနက ဟိုဘက်ဒီဘက် တွန်းထိုး ပုတ်ထုတ်ခံနေရသည့် မျက်နှာနှင့် ဘာမှ မဆိုင်ဘဲ အချစ်သစ် မျက်နှာလေးက ရောင်စုံမီးလုံးအောက်မှာ ရယ်မော ရွှင်ပျလျက် . . .

“လာပါကွာ . . . စောသေးတယ် ပြန်စမယ် . . .”

“မစဘူး . . .”

ခံလိုက်ရသည့်စိတ်က အငြိုးတကြီးရှိနေဆဲမို့ လူတွေထဲမှာ လှည့်ပတ် ရှာဖွေမိ၏။ ဒါနဲ့ တင် အားမရဘဲ ညီဇင်နဲ့ ဝိုင်းထက်တို့ ရှေ့မှာ ရှိနေကြတာကို တွန်းဖယ်ပြီး ထွက်လာခဲ့မိသည် ။

ကလပ်ထဲမှာ တွေ့နေမြင်နေကျလူတွေပဲများကာ စိမ်းသက်တဲ့ လူပုံဆို ထင်းနေတတ်၏။ သူမကို အဝင်ဝရဲ့ ညာဘက်အတွင်းဘက်လောက်မှာ တွေ့လိုက်ရသည် ။

ရောင်စုံမီးလုံးကြီးက အရောင်စုံအောင် လည်ပတ်ပြေးလွှားနေပေမယ့် ဖြတ်သွားကာကွယ် သွားတတ်သည့် လူရိပ်တွေလည်း ရှိသော်ငြား ရင်ဘတ်ပေါ် မရောက်တရောက် စတက်ပ်ဆံပင် ခပ်ပျော့ပျော့ပါးပါးနှင့်

ဖြူနုသော မျက်နှာတစောင်းကို ထင်းနေအောင် မြင်ရသည်။

ပြီးတော့ ချွန်ကော့နေသည့် နှာတံလေးနဲ့ တွန့်ကုတ်နေသော မျက်ခုံးတန်း . . .။

သူမသည် လည်ပင်းအထိ ထူပိတ်နေသော လက်ရှည်ခါးရှည် အဖြူဆွတ်ဆွတ်ကို ဝတ်ထား ကာ ထဘီလား . . . စကက်လားတော့မသိ . . .။

အောက်ပိုင်းကတော့ ခပ်ဖျော့ဖျော့ အနွယ်တွေပါသည့် အနက်ရောင်ပဲဖြစ်သည်။ သူမရှိရာကို လှမ်းသွားနေတုန်း ယောကျာ်းတစ်ယောက်ကို ထုရိုက်ကြိမ်းမောင်းရင်း သူမက ဆွဲထုတ်ခေါ်သွား လေသည်။

"ဟော့ . . . မရဘူး . . . ရပ်စမ်း . . ."

"သော . . ."

အလောတကြီး ခုန်လွှားသွားမည် ပြင်လိုက်သော်လည်း နောက်ကနေ ဆွဲထားလိုက်သည့် လက်တွေကြောင့် . . .

"ဟား . . . မင်းတို့ . . ."

"ဘာလဲကွ . . . မင်းလက်လွန်မှာ စိုးလို့ . . .။ ဟိုက မိန်းကလေး . . ."

"မိန်းကလေးက ယောကျာ်းလေးကို ပါးရိုက်သွားတာ နှစ်ချက် . . ."

"ဒါပေမဲ့ မင်း လက်ရွယ်လို့ မရဘူး . . ."

"ရတယ် . . ."

"မလုပ်ပါနဲ့ ဆိုကွာ . . . ဝိုင်း . . . ဒီကောင့်ကို ဆွဲဦး . . ."

သူ့အတွက် နောက်ဆုတ်ကျန်ရစ်ခဲ့ရတာ ဒါပထမဆုံး . . . သော ခပ်ကြိတ်ကြိတ် တက်ခေါက် ၍ . . .

မင်းနဲ့ ငါ မပြီးသေးဘူး . . .။

*